# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# (စားသုံးသူကာကွယ်ရေးနည်းဥပဒေများ)
# အမိန့်ကြော်ငြာစာအမှတ် ၉/ ၂၀၂၂
# ၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
# (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၈၃ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို စားသုံးသူကာကွယ်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် စားသုံးသူကာကွယ်ရေးဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ စားသုံးသူကာကွယ်ရေးဥပဒေကို ဆိုသည်။

(ခ) **ဓာတ်ခွဲခန်း** ဆိုသည်မှာ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကုန်စည်ကိုစမ်းသပ် စစ်ဆေးနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၏ ဓာတ်ခွဲခန်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု ဓာတ်ခွဲခန်းတို့ကို ဆိုသည်။

(ဂ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ ဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ကော်မရှင်က ဖွဲ့စည်းပေးသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို ဆိုသည်။

(ဃ) **တိုင်ကြားသူ** ဆိုသည်မှာ ဥပဒေပုဒ်မ ၄၄ အရ စားသုံးသူ၏ နစ်နာဆုံးရှုံးမှု တစ်ရပ်ရပ်ကို ဦးစီးမှူးရုံးသို့ သက်သေခံအထောက်အထားနှင့်အတူ တိုင်ကြားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံကို ဆိုသည်။

## အခန်း (၂)
## စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သုတေသနပြုခြင်း

၃။ ဦးစီးဌာနသည်-

Myanmar Law Information System (MLIS)

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သော စားသုံးသူကာကွယ်ရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့် သုတေသနပြုခြင်းတို့ကို အမျိုးအစားအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ အသင်းအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်သော စစ်တမ်းနှင့် သုတေသနပြုတွေ့ရှိချက်တို့ကို လိုအပ်ပါက ကော်မရှင်ထံ တင်ပြရမည်။

(ဃ) စစ်တမ်းနှင့် သုတေသနပြုတွေ့ရှိချက်တို့ကို လိုအပ်ပါက ဖြန့်ဝေခြင်းပြုနိုင်သည်။

## အခန်း (၃)

## ကော်မရှင်ဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

၄။ ဝန်ကြီးဌာနသည် ကော်မရှင်တွင် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ဝင်များကို အစိုးရအဖွဲ့က ထည့်သွင်းဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ အမည်စာရင်း တောင်းခံခြင်း။

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူ အမည်စာရင်းပြုစုခြင်း။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်သည်-

(က) မြန်မာနိုင်ငံတွင် နေထိုင်သော မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်၍ ကိုယ်စိတ်နှစ်ပါး ကျန်းမာသူ ဖြစ်ရမည်။

(ဂ) ဘက်လိုက်မှုမရှိဘဲ မျှတစွာ ဆောင်ရွက်သူ ဖြစ်ရမည်။

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာပညာရပ်၊ စီးပွားရေးဆိုင်ရာ ပညာရပ် သို့မဟုတ် စားသုံးသူကာကွယ်ရေးကိစ္စရပ်တွင် ကျွမ်းကျင်မှုနှင့် ဗဟုသုတရှိသူဖြစ်ရမည်။

၆။ ကော်မရှင်၏ သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

၇။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ပြုလုပ်ကြောင်း ပေါ်ပေါက်ပါက ကော်မရှင် ဥက္ကဋ္ဌသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်အဖွဲ့ဝင် အဖြစ်မှ ရပ်စဲနိုင်သည်-

(က) ကော်မရှင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊

(ခ) ကော်မရှင်၏ အထူးကိစ္စရပ်၊ အရေးကြီးကိစ္စရပ်၊ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသော စီမံချက် သို့မဟုတ် အစီအမံ သို့မဟုတ် အကြောင်းအရာကိစ္စရပ် တစ်ခုခုကို ပြင်ပသို့ ပေါက်ကြားစေခြင်း သို့မဟုတ် ပေါက်ကြားစေရန် အားထုတ်ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ကော်မရှင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ဖြစ်စေ၊ ရပိုင်ခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ ကိုယ်ကျိုးစီးပွားအလို့ငှာ လွဲမှားစွာ အသုံးချခြင်း။

၈။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦး နေရာလစ်လပ်လျှင် သို့မဟုတ် အသစ်ထပ်မံခန့်ထားရန် လိုအပ်လျှင် ပြည်ထောင်စုအဆင့်အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှဖြစ်စေ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့မှဖြစ်စေ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ အနက်မှဖြစ်စေ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်အဖွဲ့ဝင်အသစ်ကို သက်ဆိုင်ရာ လစ်လပ်သည့် နေရာအလိုက် ဖြည့်စွက်ခန့်ထားနိုင်သည်။

၉။ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်အသစ်၏ သက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတိုင်းဖြစ်သည်။

၁၀။ လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီအတွင်း ဒုတိယဥက္ကဋ္ဌက ယာယီတာဝန်ထမ်းဆောင်ရမည်။ လစ်လပ်သော ရာထူးသည် ဒုတိယဥက္ကဋ္ဌ နေရာဖြစ်ပါက ကော်မရှင်ဥက္ကဋ္ဌက သင့်လျော်သောအဖွဲ့ဝင် တစ်ဦးဦးကို ယာယီ တာဝန်ထမ်းဆောင်စေရမည်။

၁၁။ ကော်မရှင်၏ သက်တမ်းကာလကုန်ဆုံး၍ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုရသေးမီ ကြားကာလတွင် စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ အထူးကိစ္စရပ်များအပေါ် ဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်ပါက ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ကော်မရှင်ပြန်လည်ဖွဲ့စည်းပြီးသည့် အချိန်တွင် အတည်ပြုချက် ရယူရမည်။

၁၂။ ကော်မရှင်၏ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူး အစည်းအဝေးကျင်းပရမည်။

၁၃။ အစည်းအဝေးကို ကော်မရှင်အဖွဲ့ဝင် ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။ အစည်းအဝေးအထမြောက်ရန် လိုအပ်သော ကော်မရှင်အဖွဲ့ဝင် အရေအတွက် ပြည့်မီအောင် တက်ရောက်နိုင်ခြင်းမရှိလျှင် အစည်းအဝေးကို သင့်လျော်သည့် နေ့ရက်သို့ ရွှေ့ဆိုင်းကျင်းပရမည်။

၁၄။ ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၁၅။ ကော်မရှင်အစည်းအဝေး ဆုံးဖြတ်ချက် ချမှတ်ရာတွင် ဆွေးနွေးညှိနှိုင်းပြီး ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။ သဘောတူညီမှုမရရှိပါက အစည်းအဝေးသို့ တက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့ဝင်ကိုယ်စား တက်ရောက်သူများ သည် မဲပေးပိုင်ခွင့် မရှိစေရ။

Myanmar Law Information System (MLIS)

၁၆။ အစည်းအဝေးတွင် အတည်ပြုပြီးသည့် ဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်ခြင်းမရှိသည့် အဖွဲ့ဝင်က ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့် မရှိစေရ။ အစည်းအဝေးတွင် အတည်ပြုပြီးသည့် ဆုံးဖြတ်ချက်ကို ကော်မရှင်အဖွဲ့ဝင် အားလုံးက အတည်ပြုသည့် ဆုံးဖြတ်ချက်အဖြစ် မှတ်ယူရမည်။

၁၇။ ကော်မရှင်သည် ကော်မရှင်အဖွဲ့ဝင် မဟုတ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့မှ ပုဂ္ဂိုလ်နှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူတို့ကို လိုအပ်ပါက အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပေးရန် ဖိတ်ကြားနိုင်သည်။ ယင်းဖိတ်ကြားခံရသူများသည် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရသော ကိစ္စရပ်များတွင် မဲပေးပိုင်ခွင့် မရှိစေရ။

၁၈။ ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးသည့် အကြောင်းကိစ္စရပ်သည် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦး၏ အကျိုးစီးပွားနှင့် သက်ဆိုင်မှုရှိလျှင် ယင်းအဖွဲ့ဝင်သည် ပါဝင်ဆုံးဖြတ် ပိုင်ခွင့်မရှိစေရ။

## အခန်း (၄)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁၉။ ကော်မရှင်သည်-

(က) ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (ဠ) အရ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးစီဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) လုပ်ငန်းကော်မတီများကို သက်ဆိုင်ရာ ကဏ္ဍအလိုက်သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်သော်လည်းကောင်း ဖွဲ့စည်းနိုင်သည်။

၂၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော လုပ်ငန်းကော်မတီအဖွဲ့ဝင်သည်-

(က) မြန်မာနိုင်ငံတွင် နေထိုင်သော မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်၍ ကိုယ်စိတ်နှစ်ပါးကျန်းမာသူဖြစ်ရမည်။

(ဂ) ဘက်လိုက်မှုမရှိဘဲ မျှတစွာဆောင်ရွက်သူဖြစ်ရမည်။

(ဃ) စားသုံးသူကာကွယ်ရေးကိစ္စရပ်တွင် ကျွမ်းကျင်မှုနှင့် ဗဟုသုတရှိရမည့်အပြင် စားသုံးသူကာကွယ် ရေးနှင့် သက်ဆိုင်သော နယ်ပယ်တွင် အတွေ့အကြုံရှိသူဖြစ်ရမည်။

၂၁။ လုပ်ငန်းကော်မတီအဖွဲ့ဝင်သည်-

(က) လုပ်ငန်းကော်မတီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည့် သို့မဟုတ် ထိခိုက်နိုင်သည်ဟု ယူဆရသည့် လုပ်ငန်းများ၊ လှုပ်ရှားမှုများ သို့မဟုတ် ဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

(ခ) အဖွဲ့ဝင်အချင်းချင်း အပြန်အလှန် လေးစားမှုနှင့် နားလည်မှုကို အလေးထားရမည်။

(ဂ) လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

Myanmar Law Information System (MLIS)

(ဃ) ပြင်ပသို့ ပေါက်ကြားရန် မသင့်သော ဖော်ထုတ်တွေ့ရှိချက်နှင့် ဆွေးနွေးချက်တို့ကို မပေါက်ကြားစေ ရန် ထိန်းသိမ်းရမည်။

(င) လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းတို့ကို လုံခြုံမှုအဆင့်အတန်းအရ ထိန်းသိမ်းရမည်။

(စ) ကော်မရှင်က အခါအားလျော်စွာ ချမှတ်ထားသော စည်းကမ်းချက်များကို လေးစားလိုက်နာရမည်။

## အခန်း (၅)

## စားသုံးသူရေးရာကော်မတီဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

၂၂။ ကော်မရှင်သည် စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေး လုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်ကို ဖြေရှင်းပေးရန်နှင့် အတည်ပြု ဆုံးဖြတ်ပေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူရေးရာကော်မတီကို အဖွဲ့ဝင်ဦးရေ ငါးဦးမှ ကိုးဦးအထိ "မ" ဂဏန်းဖြင့် ဖွဲ့စည်းရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန် ပေးအပ်သည့်ဝန်ကြီး — ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန် ပေးအပ်သူ — ဒုတိယဥက္ကဋ္ဌ

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ပေးအပ်သူ — အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့က တာဝန်ပေးအပ်သူ — အဖွဲ့ဝင်

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး စားသုံးသူရေးရာဦးစီးဌာန — အတွင်းရေးမှူး

၂၃။ ကော်မရှင်သည် စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေး လုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်ကို ဖြေရှင်းပေးရန်နှင့် အတည်ပြု ဆုံးဖြတ်ပေးနိုင်ရန် အတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီကို အဖွဲ့ဝင်ဦးရေ ငါးဦးမှ ကိုးဦး အထိ "မ" ဂဏန်းဖြင့် ဖွဲ့စည်းရမည်-

(က) နေပြည်တော်ကောင်စီဝင် — ဥက္ကဋ္ဌ

(ခ) နေပြည်တော်ကောင်စီကတာဝန်ပေးအပ်သူ — ဒုတိယဥက္ကဋ္ဌ

(ဂ) နေပြည်တော်စည်ပင်သာယာရေးကော်မတီက တာဝန်ပေးအပ်သူ — အဖွဲ့ဝင်

Myanmar Law Information System (MLIS)

(ဃ) နေပြည်တော်ရဲတပ်ဖွဲ့က တာဝန်ပေးအပ်သူ အဖွဲ့ဝင်

(င) နေပြည်တော်ဦးစီးမှူး အတွင်းရေးမှူး

စားသုံးသူရေးရာဦးစီးဌာန

၂၄။ ကော်မရှင်သည် နည်းဥပဒေ ၂၂ နှင့် နည်းဥပဒေ ၂၃ တို့အရ ဖွဲ့စည်းထားသော ကော်မတီများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည်-

(က) မြန်မာနိုင်ငံတွင် နေထိုင်သော မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်၍ ကိုယ်စိတ်နှစ်ပါးကျန်းမာသူ ဖြစ်ရမည်။

(ဂ) ဘက်လိုက်မှုမရှိဘဲ မျှတစွာဆောင်ရွက်သူ ဖြစ်ရမည်။

(ဃ) စားသုံးသူကာကွယ်ရေးကိစ္စရပ်တွင် ကျွမ်းကျင်မှုနှင့် ဗဟုသုတရှိရမည့်အပြင် စားသုံးသူကာကွယ်ရေးနှင့် သက်ဆိုင်သောနယ်ပယ်တွင် အတွေ့အကြုံရှိသူဖြစ်ရမည်။

၂၆။ ကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

၂၇။ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ဖြစ်ပေါ်သည့်အခါ ကော်မတီအဖွဲ့ဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲရမည်-

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိ၏ ဆန္ဒအလျောက်နုတ်ထွက်ခြင်း၊

(ဂ) ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆရာဝန် သို့မဟုတ် ဆေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့သည်အထိ ကျန်းမာရေး ချို့ယွင်းခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ခုခုအရ ပြစ်ဒဏ်ကျခံခြင်း၊

(င) ပေးအပ်ထားသော တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်း။

၂၈။ ကော်မတီဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မတီအဖွဲ့ဝင်တစ်ဦးဦးက အောက်ပါဆောင်ရွက်မှု တစ်ရပ်ရပ်ပြုလုပ်ကြောင်း ပေါ်ပေါက်ပါက ကော်မရှင်၏ သဘောတူညီချက်ဖြင့် ကော်မတီအဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်သည်-

(က) ကော်မရှင် သို့မဟုတ် ကော်မတီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေ တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ပနေရာတစ်ခုခု၌ ထုတ်ဖော်ပြောကြားခြင်း၊

(ခ) ကော်မရှင် သို့မဟုတ် ကော်မတီ၏ အထူးကိစ္စရပ်၊ အရေးကြီးကိစ္စရပ်၊ လုံခြုံမှု အဆင့်အတန်း သတ်မှတ်ထားသော စီမံချက် သို့မဟုတ် အစီအမံ သို့မဟုတ် အကြောင်းအရာကိစ္စရပ်တစ်ခုခုကို ပြင်ပသို့ ပေါက်ကြားစေခြင်း သို့မဟုတ် ပေါက်ကြားစေရန် အားထုတ်ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ဖြစ်စေ၊ ရပိုင်ခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ ကိုယ်ကျိုးစီးပွားအလို့ငှာ လွဲမှားစွာ အသုံးချခြင်း။

၂၉။ ကော်မတီဥက္ကဋ္ဌသည် လစ်လပ်သွားသော နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်နေရာတွင် ဖြည့်စွက်ခန့်အပ်တာဝန်ပေးမည့် ကော်မတီအဖွဲ့ဝင်၏ အမည်စာရင်းကို လစ်လပ်သွားသည့် နေ့ရက်မှ ၄၅ ရက်အတွင်း ကော်မရှင်သို့ တင်ပြရမည်။

၃၀။ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်အသစ်၏ သက်တမ်းသည် ၎င်းဆက်ခံသော မူလအဖွဲ့ဝင်နေရာ၏ ကျန်ရှိသည့် သက်တမ်းအတိုင်းသာဖြစ်သည်။ မူလအဖွဲ့ဝင်၏ သက်တမ်း အနည်းဆုံး ခြောက်လကျန်မှသာ ဖြည့်စွက်ခန့်ထားရမည်။

၃၁။ ကော်မတီ၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးကျင်းပရမည်။

၃၂။ အစည်းအဝေးကို ကော်မတီအဖွဲ့ဝင် ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။ အစည်းအဝေးအထမြောက်ရန် လိုအပ်သော ကော်မတီ အဖွဲ့ဝင်အရေအတွက် ပြည့်မီအောင် တက်ရောက်နိုင်ခြင်းမရှိလျှင် အစည်းအဝေးကို သင့်လျော်သည့် နေ့ရက်သို့ ရွှေ့ဆိုင်းကျင်းပ ရမည်။

၃၃။ ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ မတက်ရောက် နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၃၄။ ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆွေးနွေးညှိနှိုင်းပြီး ဆုံးဖြတ်ချက်ကို ချမှတ် ရမည်။ သဘောတူညီမှု မရရှိပါက အစည်းအဝေးသို့ တက်ရောက်သည့် ကော်မတီအဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရာတွင် ကော်မတီအဖွဲ့ဝင်ကိုယ်စား တက်ရောက်သူများသည် မဲပေးပိုင်ခွင့် မရှိစေရ။

၃၅။ အစည်းအဝေးတွင် အတည်ပြုပြီးသည့် ဆုံးဖြတ်ချက်များကို အစည်းအဝေးတက်ရောက်ခြင်း မရှိသည့် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိစေရ။ အစည်းအဝေးတွင် အတည်ပြုပြီးသည့် ဆုံးဖြတ်ချက်များကို ကော်မတီ အဖွဲ့ဝင်အားလုံးက အတည်ပြုသည့် ဆုံးဖြတ်ချက်များအဖြစ် မှတ်ယူရမည်။

၃၆။ ကော်မတီသည် လိုအပ်ပါက ကော်မတီအဖွဲ့ဝင် မဟုတ်သော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပေးရန် ဖိတ်ကြားနိုင်သည်။ ယင်းဖိတ်ကြားခံရသူများသည် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရသော ကိစ္စရပ်များတွင် မဲပေးပိုင်ခွင့်မရှိစေရ။

၃၇။ ကော်မတီအတွင်းရေးမှူးသည် အစည်းအဝေးမှတ်တမ်းကို အစည်းအဝေးတက်ရောက်သည့် ကော်မတီအဖွဲ့ဝင်များထံ ဖြန့်ဝေ၍ စနစ်တကျ မှတ်တမ်းထားရှိရမည်။

Myanmar Law Information System (MLIS)

၃၈။ ကော်မတီအတွင်းရေးမှူးသည် အစည်းအဝေး ကျင်းပမည့် နေရာ၊ နေ့ရက်၊ အချိန်နှင့် အစည်းအဝေးတွင် ဆွေးနွေးမည့် အကြောင်းအရာများကို အစည်းအဝေး မကျင်းပမီ ကြိုတင် အကြောင်းကြားရမည်။

၃၉။ ကော်မတီအဖွဲ့ဝင်များသည်-

(က) ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည့် သို့မဟုတ် ထိခိုက်နိုင်သည်ဟု ယူဆရသည့် လုပ်ငန်းများ၊ လှုပ်ရှားမှုများ သို့မဟုတ် ဆောင်ရွက်ချက်များတွင် ပါဝင် လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

(ခ) ကော်မတီအဖွဲ့ဝင်အချင်းချင်း အပြန်အလှန်လေးစားမှုနှင့် နားလည်မှုကို အလေးထားရမည်။

(ဂ) ဥပဒေနှင့် ဤနည်းဥပဒေများပါ ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(ဃ) ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ပြင်ပသို့ပေါက်ကြားရန် မသင့်သော အစည်းအဝေး တွင် ဆွေးနွေးပြောကြားချက်၊ ဆုံးဖြတ်ချက်တို့ကို မပေါက်ကြားစေရန် ထိန်းသိမ်းရမည်။

(င) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ အယူခံတင်သွင်း လာမှုအပေါ်တွင်လည်းကောင်း ကော်မတီက အဆုံးအဖြတ်ပေးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းမပြုမီ ထုတ်ဖော်ပြောကြားခြင်းတို့ကို ရှောင်ကြဉ်ရမည်။

(စ) ကော်မတီ၏ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းတို့ကို လုံခြုံမှုအဆင့် အတန်းအရ ထိန်းသိမ်းရမည်။

(ဆ) ကော်မရှင် သို့မဟုတ် ကော်မတီက အခါအားလျော်စွာ ချမှတ်ထားသော စည်းကမ်းချက်များကို လေးစားလိုက်နာရမည်။

၄၀။ ကော်မရှင်သည်-

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ သက်ဆိုင်ရာ တိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့က တာဝန်ပေးအပ်သူကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနက တာဝန်ပေးအပ်သူကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက်အဖွဲ့ဝင်ဦးရေ သုံးဦးမှ ငါးဦး အထိ ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စားသုံးသူရေးရာကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ် နိုင်သည်။

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနခရိုင်ဦးစီးမှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း ပါဝင်စေလျက် အဖွဲ့ဝင်ဦးရေ သုံးဦးမှ ငါးဦးအထိ ပါဝင်သော ခရိုင်စားသုံးသူရေးရာကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန် များကို သတ်မှတ်နိုင်သည်။

Myanmar Law Information System (MLIS)

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) အရ ဖွဲ့စည်းသော ကော်မတီများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

## အခန်း (၆)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း

၄၁။ ကော်မတီသည် စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကြီးမားသောနစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကိစ္စရပ်အလိုက် မှန်ကန်မှု ရှိ မရှိ စုံစမ်းနိုင်ရန်အလို့ငှာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း နိုင်သည်-

(က) ကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ပြန်တမ်းဝင် အရာရှိ အဖွဲ့ခေါင်းဆောင် အဆင့်အောက် မနိမ့်သော အရာထမ်းတစ်ဦး

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ အဖွဲ့ဝင်

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အဖွဲ့ဝင်

(ဃ) သက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်တစ်ဦးဦး အတွင်းရေးမှူး

၄၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကြီးမားသော နစ်နာဆုံးရှုံးမှု ဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို မှန်ကန်မှု ရှိ မရှိ စုံစမ်းစစ်ဆေးရာတွင် လိုအပ်ပါက သက်ဆိုင်သူများကို စုံစမ်းစစ်ဆေးခွင့်၊ သက်သေခံအထောက် အထားသို့ မဟုတ် စာရွက်စာတမ်း ရယူစစ်ဆေးခွင့်နှင့် မိတ္တူကူးယူခွင့်ရှိသည်။

၄၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၄၂ အရ ရရှိလာသော သက်သေခံအထောက်အထားကို ရယူရာတွင် ကုန်စည်/ ဝန်ဆောင်မှု စုံစမ်းစစ်ဆေးခြင်းပုံစံ (ပုံစံ (၁)) တွင် ရေးသွင်းရမည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီထံ အချိန်နှင့် တစ်ပြေးညီ အစီရင်ခံ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အစီရင်ခံတင်ပြရာတွင် သက်သေခံအထောက်အထားနှင့် စာရွက်စာတမ်း တို့ကို ပူးတွဲတင်ပြရမည်။

၄၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်သည်-

Myanmar Law Information System (MLIS)

(က) မိမိ၏ လုပ်ငန်းတာဝန်များနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည့် သို့မဟုတ် ထိခိုက်နိုင်သည်ဟု ယူဆရသည့် လုပ်ငန်းများ၊ လှုပ်ရှားမှုများ သို့မဟုတ် ဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

(ခ) မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းတို့၏ လုံခြုံရေးကို ထိန်းသိမ်းရမည်။

(ဃ) ကော်မရှင် သို့မဟုတ် ကော်မတီက အခါအားလျော်စွာ ချမှတ်ထားသော စည်းကမ်းချက်များကို လေးစားလိုက်နာရမည်။

## အခန်း (၇)
## စစ်ဆေးရေးအရာရှိ၏ အခန်းကဏ္ဍ

၄၅။ စစ်ဆေးရေးအရာရှိသည် ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက ဈေးကွက်အတွင်းရှိ ကုန်စည်ကိုလည်းကောင်း၊ ဈေးကွက်မရောက်မီ ကုန်စည်ကိုလည်းကောင်း စမ်းသပ်စစ်ဆေးရန် လုံလောက်သည့် ပမာဏကို နမူနာရယူနိုင်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် နမူနာကုန်စည်ကို အဖိုးစားနားဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ ရယူဆောင်ရွက်နိုင်သည်။

၄၆။ စစ်ဆေးရေးအရာရှိသည် ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် စားသုံးသူ၏ အခွင့်အရေးကို ကာကွယ်ရန်သော်လည်းကောင်း၊ ကုန်စည်ကို စောင့်ကြည့်စစ်ဆေးနိုင်ရန်သော်လည်းကောင်း၊ ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပပျောက်စေရန်သော်လည်းကောင်း၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

၄၇။ စစ်ဆေးရေးအရာရှိသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု စောင့်ကြည့်စစ်ဆေးခြင်းကို တာဝန်ပေးအပ်ခံရသည့် နယ်မြေဒေသအတွင်းတွင်သာ ဆောင်ရွက်ရမည်။

၄၈။ စစ်ဆေးရေးအရာရှိသည် နယ်မြေဒေသကျော်လွန်၍ စောင့်ကြည့်စစ်ဆေးရမည့်ကိစ္စရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာဦးစီးမှူးရုံး၏ သဘောတူညီချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၄၉။ စစ်ဆေးရေးအရာရှိသည် အခြားနယ်မြေဒေသမှ ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ သတင်းအချက်အလက်များကို ယင်း၏ နယ်မြေဒေသတွင် သတင်းဖြန့်ဝေခွင့်ရှိသည်။

၅၀။ စစ်ဆေးရေးအရာရှိသည် စားသုံးသူ တိုင်ကြားမှုနှင့်စပ်လျဉ်းသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်း စုံစမ်းစစ်ဆေးရာတွင်-

(က) တိုင်ကြားစာပုံစံ (ပုံစံ (၂)) တွင် ရေးသားဖြည့်သွင်းထားသည့် အချက်အလက်အားလုံးမှန်ကန်မှု ရှိမရှိ စုံစမ်းစစ်ဆေးရမည်။

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဝယ်ယူသုံးစွဲခဲ့မှုအခြေအနေနှင့် ဖြစ်စဉ်အဆင့်ဆင့်ကို သိရှိရန် စုံစမ်း စစ်ဆေးရမည်။

Myanmar Law Information System (MLIS)

(ဂ) စုံစမ်းစစ်ဆေးခဲ့မှုများနှင့်စပ်လျဉ်း၍ ဦးစီးမှူးရုံးသို့ အစီရင်ခံတင်ပြရမည်။

၅၁။ စစ်ဆေးရေးအရာရှိသည် ကုန်စည်ကို နမူနာရယူရာတွင်-

(က) ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ နေရာများအနက်မှ အနည်းဆုံး နှစ်နေရာတွင် ရယူရမည်-

(၁) ကုန်စည်ရောင်းချသည့်နေရာ၊

(၂) ကုန်စည်ထုတ်လုပ်သည့်နေရာ၊

(၃) ကုန်စည်သိုလှောင်သည့်နေရာ။

(ခ) စားသုံးသူတိုင်ကြားသည့် ကိစ္စနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ နေရာများအနက်မှ အနည်းဆုံး နှစ်နေရာတွင် ရယူရမည်-

(၁) စားသုံးသူဝယ်ယူသည့်နေရာ၊

(၂) ကုန်စည်ရောင်းချသည့် အခြားနေရာ၊

(၃) ကုန်စည်ပင်ရင်းဖြန့်ဖြူးသည့်နေရာ၊

(၄) ကုန်စည်ထုတ်လုပ်သည့်နေရာ၊

(၅) ကုန်စည် သိုလှောင်ထားသည့်နေရာ။

၅၂။ စစ်ဆေးရေးအရာရှိသည်-

(က) နမူနာကုန်စည်ရယူရာတွင် စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ ဝန်ထမ်း သို့မဟုတ် အခြားသက်သေများ၏ ရှေ့တွင် ရယူရမည်။ ထိုသို့ရယူရာတွင် နမူနာကုန်စည်နှင့်စပ်လျဉ်းသည့် ဓာတ်ပုံမှတ်တမ်း၊ စာရွက်စာတမ်း မှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်း၊ အီလက် ထရောနစ်မှတ်တမ်းများကို သက်သေခံအထောက်အထားများအဖြစ် ရယူနိုင်သည်။

(ခ) လုံလောက်သော ပမာဏကို နမူနာကုန်စည်အဖြစ် သိမ်းဆည်းရာ၌ ရေတွက်ခြင်း သို့မဟုတ် အလေးချိန် ချိန်တွယ်မှတ်သားခြင်းတို့ကို ဆောင်ရွက်ပြီး သက်ဆိုင်ရာ ဦးစီးမှူးရုံး၏ ရုံးတံဆိပ် ခပ်နှိပ်ထား သော ချိပ် သို့မဟုတ် အမှတ်အသားတစ်ခုခုဖြင့် ပိတ်၍ ဖော်ပြရမည်။

(ဂ) နမူနာကုန်စည်များကို ဓာတ်ခွဲစမ်းသပ်ရန် လိုအပ်ပါက သက်ဆိုင်ရာဓာတ်ခွဲခန်း၏ သတ်မှတ်ချက်နှင့် အညီ ရယူရမည်။

(ဃ) ရယူဆောင်ရွက်ထားသော နမူနာကုန်စည်ကို သက်သေများရှေ့တွင် ထုပ်ပိုးပြီး နမူနာရယူမည့် ကုန်စည်ပေါ်တွင် ကပ်ရန် ပုံစံ (ပုံစံ (၃)) ကိုပြည့်စုံစွာ ဖြည့်သွင်း၍ ကပ်နှိပ်ဖော်ပြရမည်။

(င) နမူနာကုန်စည်သည် သယ်ဆောင်ရာတွင်လည်းကောင်း၊ ထိန်းသိမ်းရာတွင်လည်းကောင်း ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်သော ကုန်စည်ဖြစ်ပါက ကျွမ်းကျင်သူ၏ အကူအညီကို ရယူနိုင်သည်။

၅၃။ နမူနာရယူမည့်ကုန်စည်ပေါ်တွင် ကပ်ရန်ပုံစံ (ပုံစံ (၃)) ၏ အရွယ်အစား၊ အမျိုးအစားနှင့် အရောင်သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) အလျား ၁၀ စင်တီမီတာနှင့် အနံ ၇.၅ စင်တီမီတာ၊

(ခ) ရေစိုခံ ကပ်ခွာ စတစ်ကာ အမျိုးအစား၊

(ဂ) အဝါရောင်စာရွက်။

၅၄။ စစ်ဆေးရေးအရာရှိသည် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ပြီးစီးပါက ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုတင်ပြခြင်းပုံစံ (ပုံစံ (၄)) တွင် ပြည့်စုံစွာ ရေးသား၍ ဦးစီးမှူးရုံးသို့ အစီရင်ခံ တင်ပြရမည်။

၅၅။ စစ်ဆေးရေးအရာရှိ ဦးဆောင်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါက စစ်ဆေးရေးအရာရှိ ဦးဆောင်သောပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးမှုတင်ပြခြင်းပုံစံ (ပုံစံ (၅)) တွင် ပြည့်စုံစွာ ရေးသားဖော်ပြ၍ ဦးစီးမှူးရုံးသို့ အစီရင်ခံတင်ပြ ရမည်။

**အခန်း (၈)**

## ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် တားမြစ်ခြင်း ဆောင်ရွက်ပုံအဆင့်ဆင့်

၅၆။ စစ်ဆေးရေးအရာရှိသည် အောက်ပါအခြေအနေတစ်ရပ်ရပ်အရ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း၊ ရောင်းချဖြန့်ဖြူးခြင်းကို ယာယီတားမြစ်ခြင်း သို့မဟုတ် အမြဲတမ်း တားမြစ်ခြင်း ဆောင်ရွက်ရန်အကြောင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာ ဦးစီးမှူးရုံးသို့ တင်ပြရမည်-

(က) စစ်ဆေးရေးအရာရှိ ကိုယ်တိုင်စောင့်ကြည့်လေ့လာချက်၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၏ စစ်ဆေးတွေ့ရှိချက်၊ ပြန်ကြားချက်နှင့် အကြောင်းကြားချက်၊

(ဂ) ဓာတ်ခွဲစမ်းသပ်မှုရလဒ်၊

(ဃ) သက်ဆိုင်ရာ ကော်မတီက အကြောင်းကြားချက်၊

(င) တိုင်ကြားချက်၊

(စ) သက်ဆိုင်ရာအစိုးရဌာနက တားမြစ်ချက်။

၅၇။ ဦးစီးမှူးရုံးသည် နည်းဥပဒေ ၅၆ အရ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဖြစ်နိုင်ချေဆန်းစစ်ချက်ရလဒ်နှင့်အတူ ဦးစီးဌာနသို့ အစီရင်ခံ တင်ပြရမည်။

၅၈။ ဦးစီးဌာနသည် နည်းဥပဒေ ၅၇ အရ ဦးစီးမှူးရုံး၏ တင်ပြချက်များကို စိစစ်ပြီး ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေရန်၊ ယာယီတားမြစ်ရန် သို့မဟုတ် အမြဲတမ်းတားမြစ်ရန်တို့ကို ဆုံးဖြတ်ပေးရမည်။

၅၉။ ဦးစီမှူးရုံးသည် နည်းဥပဒေ ၅၈ အရ ဦးစီးဌာနက ချမှတ်ထားသော ဆုံးဖြတ်ချက်အပေါ် စီးပွားရေးလုပ်ငန်းရှင်က လိုက်နာဆောင်ရွက်မှုအခြေအနေကို ကြီးကြပ်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်ရမည်။

Myanmar Law Information System (MLIS)

၆၀။ နည်းဥပဒေ ၅၉ အရ တာဝန်ပေးအပ်ခြင်းခံရသော စစ်ဆေးရေးအရာရှိသည်-

(က) ဈေးကွက်အတွင်းမှ ပြန်လည် သိမ်းဆည်းစေခြင်း ဆောင်ရွက်မည်ဆိုပါက ဈေးကွက် အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်းပုံစံ (ပုံစံ (၆)) တွင် ပြည့်စုံစွာ ရေးသားဖြည့်သွင်း၍ ဆောင်ရွက်ရမည်။

(ခ) ယာယီတားမြစ်ခြင်းဆောင်ရွက်မည်ဆိုပါက ဈေးကွက်အတွင်းရောင်းချဖြန့်ဖြူးခြင်းမှ ယာယီ တားမြစ်ခြင်းပုံစံ (ပုံစံ (၇)) တွင် ပြည့်စုံစွာ ရေးသားဖြည့်သွင်းဆောင်ရွက်ရမည်။

(ဂ) အမြဲတမ်းတားမြစ်ခြင်းဆောင်ရွက်မည်ဆိုပါက ဈေးကွက်အတွင်းရောင်းချဖြန့်ဖြူးခြင်းမှ တားမြစ်ခြင်း ပုံစံ (ပုံစံ (၈)) တွင် ပြည့်စုံစွာ ရေးသားဖြည့်သွင်း၍ ဆောင်ရွက်ရမည်။

၆၁။ ဦးစီးဌာနသည် ကုန်စည်များကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှု ရှိစေရန် စီးပွားရေး လုပ်ငန်းရှင်က မိမိသဘောဆန္ဒအလျောက် ပြန်လည်ပြင်ဆင်လိုခြင်း သို့မဟုတ် ပြန်လည် သိမ်းဆည်းလို ခြင်းနှင့် စပ်လျဉ်း၍ တင်ပြမှုအပေါ် ကြီးကြပ်ရမည်။

၆၂။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရန် အလို့ငှာ မိမိသဘောဆန္ဒအလျောက် သိမ်းဆည်းလျှင်ဖြစ်စေ၊ ဦးစီးဌာနက ပြန်လည်သိမ်းဆည်းစေလျှင် ဖြစ်စေ၊ ယာယီတားမြစ်ခြင်းနှင့် အမြဲတမ်းတားမြစ်ခြင်းခံရသော ကုန်စည်များကို ဈေးကွက်အတွင်းမှ ပြန်လည် သိမ်းယူရာတွင်ဖြစ်စေ၊ ယာယီတားမြစ်ခြင်းနှင့် အမြဲတမ်းတားမြစ်ခြင်းခံရသော ဝန်ဆောင်မှုများ နှင့်စပ်လျဉ်း၍ဖြစ်စေယင်းတို့နှင့်စပ်လျဉ်းသည့် မည်သည့်ကုန်ကျစရိတ်ကိုမဆို ကျခံရမည်။

၆၃။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရန် အလို့ငှာ မိမိသဘောဆန္ဒအလျောက် သိမ်းဆည်းပြီးနောက် သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ပြီး၍ ပြန်လည်ရောင်းချ ဖြန့်ဖြူးလိုပါက ဦးစီးဌာနသို့ သတင်းပေးပို့ တင်ပြရမည်။

၆၄။ စီးပွားရေးလုပ်ငန်းရှင်သည် ပြန်လည်သိမ်းဆည်းရန် သတ်မှတ်ထားသော ကုန်စည်ကို သတ်မှတ် ချက်များနှင့်အညီ ပြုပြင်ပြီး၍ ပြန်လည်ရောင်းချဖြန့်ဖြူးလိုပါက ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

၆၅။ ဦးစီးဌာနသည် နည်းဥပဒေ ၆၄ အရ လျှောက်ထားလာမှုအပေါ် စိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ပြန်လည်ရောင်းချဖြန့်ဖြူးခွင့်ပြုနိုင်သည်။

၆၆။ စီးပွားရေးလုပ်ငန်းရှင်သည် ယာယီတားမြစ်ခံထားရသော ယင်း၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု နှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အခြေအနေထိ ပြုပြင်ဆောင်ရွက်ပြီးပါက ယာယီတားမြစ်ခြင်းအား ပယ်ဖျက်ပေးရန် ဦးစီးဌာနသို့ တင်ပြလျှောက်ထားနိုင်သည်။

၆၇။ ဦးစီးဌာနသည် နည်းဥပဒေ ၆၆ အရ လျှောက်ထားလာမှုအပေါ် စိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ယာယီတားမြစ်ခြင်းကို ရုပ်သိမ်းပြီး ပြန်လည်ရောင်းချဖြန့်ဖြူးခွင့်ပြုနိုင်သည်။

၆၈။ ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြန်လည်သိမ်းဆည်းစေခြင်း၊ ယာယီ တားမြစ်ခြင်း သို့မဟုတ် အမြဲတမ်းတားမြစ်ခြင်းတို့ကို ဆောင်ရွက်ရန် ဦးစီးဌာနက ဆုံးဖြတ်ထား



Myanmar Law Information System (MLIS)

သော်လည်း ဈေးကွက်အတွင်း ဆက်လက်တွေ့ရှိပါက ယင်းစီးပွားရေးလုပ်ငန်းရှင်ကို အရေးယူဆောင်ရွက်ရေးအတွက် ဦးစီးမှူးရုံးက သက်ဆိုင်ရာ ကော်မတီသို့ တင်ပြရမည်။

၆၉။ ဦးစီးဌာနသည် ဈေးကွက်အတွင်းမှ အမြဲတမ်းတားမြစ်မည့် ဘေးအန္တရာယ်ရှိသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အမြဲတမ်း တားမြစ်ခြင်းကို ပူးပေါင်းဆောင်ရွက်ရမည်။

၇၀။ ဦးစီးဌာနသည် လိုအပ်ပါက ပြန်လည်သိမ်းဆည်းသည့် သို့မဟုတ် တားမြစ်သည့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများကို အထောက်အထားများနှင့်အတူ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ (ASEAN Committee on Consumer Protection – ACCP)၊ သက်ဆိုင်ရာနိုင်ငံ၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်နေသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများသို့ ပြန်လည်သိမ်းဆည်းနိုင်ရန် သို့မဟုတ် တားမြစ်နိုင်ရန် ပေးပို့အကြောင်းကြားနိုင်သည်။

၇၁။ ဦးစီးဌာနသည် ပြည်ပနိုင်ငံများမှ တင်သွင်းသည့် ကုန်စည် သို့မဟုတ် ဆောင်ရွက်သည့် ဝန်ဆောင်မှုသည် ဘေးအန္တရာယ်ရှိကြောင်း စစ်ဆေးတွေ့ရှိပါက-

(က) ယင်းကုန်စည်ကို ထုတ်လုပ်သည့် သို့မဟုတ် ဝန်ဆောင်မှုပေးသည့် သက်ဆိုင်ရာနိုင်ငံသို့ ဆက်သွယ် ဆောင်ရွက်ရမည်။

(ခ) ပြည်ပနိုင်ငံများအတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချခြင်း မပြုနိုင်စေရန်နှင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းနှင့်ဆက်သွယ်၍ သတင်းအချက်အလက် ဖြန့်ဝေခြင်းကို ဆောင်ရွက်ရမည်။

၇၂။ ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း၊ ယာယီတားမြစ်ခြင်း သို့မဟုတ် အမြဲတမ်းတားမြစ်ခြင်းများ ဆောင်ရွက်ရာတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၉)

## အရေးယူဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာခြင်း

၇၃။ ဦးစီးဌာနသည် လိုအပ်ပါက အများပြည်သူသိရှိနိုင်စေရန် အောက်ပါတို့ကို လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် ထုတ်ပြန်ကြေညာနိုင်သည်-

(က) ဤဥပဒေအရ တရားရုံး၏ ဆုံးဖြတ်ချက်များ၊

(ခ) ကော်မရှင်က ဆုံးဖြတ်ထားသည့် အယူခံမှုများ၊

(ဂ) ကော်မတီ၏ စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူဆောင်ရွက်မှုများ၊

(ဃ) ဦးစီးမှူးရုံးများ၏ ဖြေရှင်းဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူဆောင်ရွက်မှုများ၊

Myanmar Law Information System (MLIS)

(င) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဖြေရှင်းဆောင်ရွက်မှုများ။

၇၄။ ဦးစီးဌာနသည် နည်းဥပဒေ ၇၃ ပါ အချက်အလက်များနှင့်စပ်လျဉ်း၍ လူထုဆက်သွယ်ရေးနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာနိုင်ရန် ဦးစီးမှူးရုံးသို့ တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၁၀)

## ပြေစာ သို့မဟုတ် အထောက်အထားပေးအပ်ဆောင်ရွက်ခြင်း

၇၅။ ကုန်စည်နှင့်စပ်လျဉ်း၍ ပြေစာ သို့မဟုတ် အထောက်အထားတွင် အောက်ပါအချက်များ အနည်းဆုံးပါဝင်ရမည်-

(က) ကုန်စည်အမည်၊

(ခ) ဝယ်ယူသည့် ရက်စွဲ၊

(ဂ) ဝယ်ယူသည့် ပစ္စည်းအရေအတွက်၊ ပမာဏနှင့်တန်ဖိုး၊

(ဃ) ကုန်စည်ရောင်းချသူ သို့မဟုတ် ရောင်းချသည့်ဆိုင်၏ အမည်နှင့်ဆက်သွယ်ရမည့်လိပ်စာ။

၇၆။ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြေစာ သို့မဟုတ် အထောက်အထားတွင် အောက်ပါအချက်များ အနည်းဆုံး ပါဝင်ရမည်-

(က) ဝန်ဆောင်မှုပေးအပ်သူအမည်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊

(ခ) ပေးအပ်သည့်ဝန်ဆောင်မှုနှင့် တန်ဖိုး၊

(ဂ) ပေးအပ်သည့်ဝန်ဆောင်မှုနှင့်အညီ စားသုံးသူရရှိစေမည့် အာမခံချက်၊

(ဃ) ဝန်ဆောင်မှုအကျုံးဝင်သည့် ကာလ။

၇၇။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဝယ်ယူပြီးနောက် ပြုပြင်မွမ်းမံဆောင်ရွက်ပေးရန်လိုအပ်ပါက ဆက်သွယ်ရမည့် လိပ်စာ၊ အချက်အလက်များကို ပြေစာတွင်ဖြစ်စေ၊ ပြေစာနှင့်ပူးတွဲ၍ဖြစ်စေ စားသုံးသူထံ ပေးအပ်ရမည်။

## အခန်း (၁၁)

## တိုင်ကြားမှုကို စိစစ်ခြင်းနှင့် စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း

၇၈။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုရှိကြောင်း တိုင်ကြားလိုသူသည် သက်ဆိုင်ရာဦးစီးမှူးရုံး သို့မဟုတ် ဦးစီးဌာနက တိုင်ကြားရန်သတ်မှတ်ထားသည့်နေရာတွင် တိုင်ကြားနိုင်သည်။ ယင်းတို့တိုင်ကြားရာ၌ တိုင်ကြားစာပုံစံ (ပုံစံ (၂)) တွင် အချက်အလက်ပြည့်စုံစွာ ဖြည့်စွက်၍ သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်းများနှင့်အတူ တိုင်ကြားရမည်။

၇၉။ တိုင်ကြားမှုကို လက်ခံရရှိသော ဦးစီးမှူးရုံးသည်-

(က) စားသုံးသူတိုင်ကြားမှုနှင့်စပ်လျဉ်း၍ စာရင်းသွင်းမှတ်တမ်းထားရှိရမည်။

Myanmar Law Information System (MLIS)

(ခ) သက်သေခံအထောက်အထားများသည် ပုပ်သိုးလွယ်ပြီး စိစစ်ရန်မလွယ်ကူသော ကုန်စည်ဖြစ်ပါက ယင်းကုန်စည်ကို အီလက်ထရောနစ်မှတ်တမ်းအဖြစ် ပြောင်းလဲ၍ သက်သေရယူရမည်။

၈၀။ ဦးစီးမှူးရုံးသည် တိုင်ကြားမှုကို စိစစ်ဆောင်ရွက်ရာတွင် အောက်ပါအကြောင်း ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်သော တိုင်ကြားမှုကို ဖြေရှင်းဆောင်ရွက်ခြင်း မရှိစေရ-

(က) တိုင်ကြားသည့်ကိစ္စရပ်သည် ကော်မတီကဆုံးဖြတ်ပြီးသော ကိစ္စဖြစ်ခြင်း၊

(ခ) ဦးစီးဌာန သို့မဟုတ် ဦးစီးမှူးရုံးမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲ သို့မဟုတ် ဆောင်ရွက်ပြီးဖြစ်သော တိုင်ကြားမှုဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ တိုင်ကြားထားသည့်ကိစ္စဖြစ်ခြင်း၊

(ဃ) စားသုံးသူအခွင့်အရေး ဖောက်ဖျက်ခံရမှုနှင့် မသက်ဆိုင်သော တိုင်ကြားမှုဖြစ်ခြင်း၊

(င) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက် အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများဖြစ်ခြင်း၊

(စ) တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုဖြစ်ခြင်း။

၈၁။ တိုင်ကြားမှုကို လက်ခံရရှိသော ဦးစီးမှူးရုံးသည်-

(က) လက်ခံရရှိသော တိုင်ကြားစာ ပုံစံ (ပုံစံ (၂)) တွင် အချက်အလက်များ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ အခြေအနေ၊ တိုင်ကြားမှုနှင့်အတူ တင်ပြသောသက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်း များကို အသေးစိတ်စစ်ဆေးရမည်။

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားအပေါ်မူတည်၍ သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်းများ လိုအပ်လာပါက တိုင်ကြားသူထံ ထပ်မံတောင်းခံနိုင်သည်။

(ဂ) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် လိုအပ်ပါက စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်နိုင် သည်။ စစ်ဆေးရေးအရာရှိက စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အစီရင်ခံတင်ပြသည့်အခါ တွေ့ရှိချက်အပေါ် မူတည်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်။

၈၂။ ဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ စိစစ်ဆောင်ရွက်နေစဉ်အတွင်း လိုအပ်သောသက်သေခံ အထောက်အထား သို့မဟုတ် စာရွက်စာတမ်းကို တိုင်ကြားသူက ပေးပို့ရန်ပျက်ကွက်ခဲ့လျှင် ယင်းအမှုတွဲ ကို ဆိုင်းငံ့အမှုတွဲအဖြစ် ထားရှိရမည်။

၈၃။ နည်းဥပဒေ ၈၂ ပါ ဆိုင်းငံ့အမှုတွဲနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ် ဖြစ်ပေါ်လာပါက ဦးစီးမှူးရုံးသည် တိုင်ကြားမှုကို ပိတ်သိမ်း၍ မှတ်တမ်းတင်ထားရှိရမည်-

(က) တိုင်ကြားသူသည် ဦးစီးမှူးရုံးက သတ်မှတ်ထားသည့်ရက်အတွင်း လိုအပ်သောသက်သေခံ အထောက်အထား သို့မဟုတ် စာရွက်စာတမ်းကို ပေးပို့မှု မရှိခြင်း၊

(ခ) ဦးစီးမှူးရုံးသည် ထပ်မံလိုအပ်သည့် သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်းများ ပေးပို့ရန် တိုင်ကြားသူထံ ဆက်သွယ်ဆောင်ရွက်သော်လည်း ဆက်သွယ်၍ မရခြင်း။

Myanmar Law Information System (MLIS)

၈၄။ ဦးစီးမှူးရုံးသည် တိုင်ကြားမှုကို စိစစ်ဆောင်ရွက်ရာတွင် တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့၏ တည်နေရာဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ တူညီမှု မရှိလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ တိုင်ကြားသူက လက်ခံဖြေရှင်းလိုသည့် တည်နေရာအား မေးမြန်း၍ လက်ခံခြင်း၊

(ခ) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ တိုင်ကြားခံရသည့်နေရာသို့ တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်က လာရောက်ဖြေရှင်းနိုင်ရန် အခက်အခဲဖြစ်နေလျှင်သော်လည်းကောင်း၊ ကိုယ်စားလှယ်စေလွှတ်ရန် အခက်အခဲဖြစ်နေလျှင်သော်လည်းကောင်း ဦးစီးမှူးရုံးသို့ တင်ပြချက်ပေါ်မူတည်၍ သက်ဆိုင်ရာ ဦးစီးမှူးရုံးအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဂ) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်၏ လုပ်ငန်းအား စုံစမ်းစစ်ဆေး ခြင်းကို တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တည်ရှိရာ ဦးစီးမှူးရုံးက ဆောင်ရွက်ခြင်း၊

(ဃ) ယင်းစုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များနှင့် နည်းဥပဒေ ၈၇ အရ ညှိနှိုင်းဖြေရှင်းချက် များကို တိုင်ကြားမှုလက်ခံဖြေရှင်းပေးသည့် ဦးစီးမှူးရုံးသို့ ပေးပို့၍ ချိတ်ဆက်ဆောင်ရွက်ခြင်း။

၈၅။ ဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို စိစစ်ခြင်း၊ ကနဦးစုံစမ်းမေးမြန်း ခြင်း ဆောင်ရွက်ရမည်-

(က) တိုင်ကြားသူ၏ ကိုယ်ရေးအချက်လက် (အမည်၊ မှတ်ပုံတင်အမှတ်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်)၊

(ခ) တိုင်ကြားရသည့် အကြောင်းအရင်း၊

(ဂ) ဖြစ်ပွားသည့်အချိန်ကာလ၊

(ဃ) ဖြစ်ပွားသည့် နေရာဒေသ၊

(င) ဖြေရှင်းပေးစေလိုသည့် အကြောင်းအရာ။

၈၆။ ဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းရာတွင် စစ်ဆေးရေးအရာရှိအား အောက်ပါ တို့ကို ဆောင်ရွက်စေရမည်-

(က) နည်းဥပဒေ ၈၅ အရ စုံစမ်းမေးမြန်းမှုနှင့်စပ်လျဉ်း၍ တိုင်ကြားသူ ရေးသားထားသည့် အကြောင်း အရာနှင့် ကိုက်ညီမှု ရှိ မရှိ မေးမြန်းစေခြင်း၊

(ခ) တိုင်ကြားသူ၏ ထွက်ဆိုချက်ကို မှန်ကန်ကြောင်း တိုင်ကြားသူကိုယ်တိုင် အတည်ပြုစေရေး ဆောင်ရွက်စေခြင်း၊

(ဂ) တိုင်ကြားသူကို ညှိနှိုင်းဖြေရှင်းပေးမည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းအသိပေးစေခြင်း။

၈၇။ တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းရန်-

(က) ဦးစီးမှူးရုံးသည် တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့နှင့် ညှိနှိုင်းပြီး ညှိနှိုင်းဖြေရှင်းမည့်နေ့ရက်နှင့်အချိန်တို့ကို သတ်မှတ်နိုင်သည်။

Myanmar Law Information System (MLIS)

(ခ) ဦးစီးမှူးရုံးသည် နည်းဥပဒေခွဲ (က) ပါ သတ်မှတ်ထားသော နေ့ရက်နှင့်အချိန်အတွင်း တစ်ဘက်ဘက်မှ ခိုင်လုံသော အကြောင်းပြချက်ဖြင့် လာရောက်နိုင်ခြင်း မရှိပါက ညှိနှိုင်းဖြေရှင်းမည့် နေ့ရက်နှင့်အချိန်ကို ဒုတိယအကြိမ် ထပ်မံသတ်မှတ်၍ ဆောင်ရွက်နိုင်သည်။

(ဂ) တိုင်ကြားသူ သို့မဟုတ် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်သည် လိုအပ်ပါက ကိုယ်စားလှယ် လွှဲအပ်နိုင်သည်။

(ဃ) ဦးစီးမှူးရုံးသည် နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ထားသော နေ့ရက်နှင့်အချိန်အတွင်း ဆင့်ခေါ် ရာသို့ တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် လာရောက်ခြင်းမရှိပါက ဥပဒေပုဒ်မ ၄၆ ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်ရမည်။

၈၈။ ဦးစီးမှူးရုံးသည် တိုင်ကြားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၏ အကြံပြုချက် သို့မဟုတ် အတည်ပြုချက်ကို ရရှိရန် လိုအပ်ပါက တောင်းခံနိုင်သည်။

၈၉။ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိပါက သဘောတူညီချက်ပုံစံ (ပုံစံ (၉)) ပါ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးရမည်။

၉၀။ တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့သည် သဘောတူညီချက်ပါ အချက်များကို သတ်မှတ်ထားသည့်ရက်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

၉၁။ ဦးစီးမှူးရုံးသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်ရမည့် တိုင်ကြားမှုကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးရမည်။

၉၂။ နည်းဥပဒေ ၉၁ အရ လွှဲပြောင်းထားသည့် တိုင်ကြားမှုနှင့်စပ်လျဉ်းသည့် ဖြေရှင်းဆောင်ရွက်ပေးမှု များကို ဦးစီးမှူးရုံးတွင် မှတ်တမ်းထားရှိနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ တောင်းခံရမည်။

၉၃။ ဦးစီးမှူးရုံးသည် နည်းဥပဒေ ၉၂ အရ ဆောင်ရွက်ထားရှိမှုကို ဦးစီးဌာနနှင့်ကော်မတီသို့ တင်ပြရမည်။

၉၄။ ဦးစီးမှူးရုံးသည် တိုင်ကြားစာနှင့်အတူ ပူးတွဲတင်ပြလာသော သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်းကို စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းထားရှိရမည်။

၉၅။ ဦးစီးမှူးရုံးသည်-

(က) စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် တိုင်ကြားသူနှင့်တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိပါက စနစ်တကျ မှတ်တမ်းထားရှိရမည်။

(ခ) စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် တိုင်ကြားသူနှင့်တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့ နှစ်ဦးနှစ်ဖက် သဘောတူညီမှုမရရှိပါက အမှုတွဲကို သက်ဆိုင်ရာကော်မတီသို့ ဆက်လက်တင်ပြနိုင်ရန် သီးခြား မှတ်တမ်းတင်ထားရှိရမည်။

Myanmar Law Information System (MLIS)

(ဂ) နည်းဥပဒေခွဲ (ခ) အရ သီးခြားမှတ်တမ်းတင်ထားရှိသော အမှုတွဲကို သက်ဆိုင်ရာ ကော်မတီက အဆုံးအဖြတ်ပေးနိုင်ရန် အချိန်နှင့်တစ်ပြေးညီပေးပို့တင်ပြရမည်။

၉၆။ ဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ စိစစ်ရာတွင် ကော်မတီ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်နေပါက ယင်းအမှုတွဲနှင့် ဆက်စပ်လျက်ရှိသော သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်းကို ကော်မတီသို့ တင်ပြရမည်။

၉၇။ စားသုံးသူတိုင်ကြားမှုအပေါ် ညှိနှိုင်းဖြေရှင်းပေးခဲ့မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အယူခံဝင်ရောက်မှုအပေါ် ဆုံးဖြတ်ရန်အတွက်ဖြစ်စေ သက်ဆိုင်ရာကော်မတီက ယင်းအမှုတွဲနှင့် သက်သေခံအထောက်အထား၊ စာရွက်စာတမ်းများ တောင်းခံသည့်အခါ ဦးစီးမှူးရုံးသည် စနစ်တကျ လွှဲပြောင်းပေးပို့ရမည်။

၉၈။ ကော်မတီသည် ဦးစီးမှူးရုံးက တင်ပြလာသည့် စားသုံးသူတိုင်ကြားလာမှုနှင့်စပ်လျဉ်း၍-

(က) အမှုတွဲကို လက်ခံရရှိပါက အငြင်းပွားမှုအပေါ်စိစစ်ခြင်း၊ ကြားနာခြင်းများ ဆောင်ရွက်၍ အဆုံးအဖြတ် ပေးရမည်။

(ခ) လိုအပ်ပါက ကော်မတီသည် ဦးစီးမှူးရုံးမှ ပေးပို့တင်ပြလာသော အမှုတွဲကို လက်ခံရရှိသည့်နေ့မှ အစိုးရရုံးဖွင့်ရက် ၁၄ ရက်အတွင်း တိုင်ကြားသူ သို့မဟုတ် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့၏ ထွက်ဆိုချက်အသီးသီးကို ကြားနာရန် စီမံဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ကြားနာမှုကိစ္စရပ်များဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မတီသည် တိုင်ကြားသူနှင့် တိုင်ကြားမှုတွင် ဖော်ပြထားသည့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့ကို လာရောက်ရန် အကြောင်း ကြားစာပေးပို့၍ ဆင့်ခေါ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ပေးပို့သည့် အကြောင်းကြားစာတွင် လာရောက်ရမည့် နေ့ရက်နှင့်အချိန်တို့ကို တိကျစွာ ဖော်ပြရမည်။

(င) အကြောင်းကြားစာပေးပို့ရာတွင် တိုင်ကြားသူနှင့်တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့ထံမှ ယင်းစာလက်ခံရရှိကြောင်း အထောက်အထားရယူရမည်။

(စ) မည်သူမဆို တိုင်ကြားသူဘက်မှဖြစ်စေ၊ တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်ဘက်မှဖြစ်စေ သက်သေအဖြစ် လာရောက်ထွက်ဆိုမည်ဖြစ်ကြောင်း တင်ပြလာပါက နည်းဥပဒေခွဲ (ဂ)၊ (ဃ) နှင့် (င) တို့ပါ လုပ်ငန်းစဉ်အတိုင်း အဆိုပါပုဂ္ဂိုလ်ထံသို့ အကြောင်းကြားစာပေးပို့ရမည်။

(ဆ) တိုင်ကြားသူ သို့မဟုတ် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်သည် လိုအပ်ပါက ကိုယ်စားလှယ် လွှဲအပ်နိုင်သည်။

(ဇ) တိုင်ကြားခံရသည့် စီပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်သည် သတ်မှတ်ထားသော နေ့ရက်နှင့်အချိန်အတွင်း ဆင့်ခေါ်ရာသို့ လာရောက်နိုင်ခြင်းမရှိပါက တစ်ဖက်သတ် စစ်ဆေးဆုံးဖြတ်ခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၉၉။ ကော်မတီသည် စားသုံးသူတိုင်ကြားမှုနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်ထံ အကြောင်းကြားရမည်။

## အခန်း (၁၂)

## နစ်နာဆုံးရှုံးမှုများအတွက် ကုစားမှုများ

၁၀၀။ ဦးစီးမှူးရုံးသည် ဥပဒေပုဒ်မ ၅၂ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များချမှတ်ရာတွင် ဦးစီးမှူးရုံးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ပုံစံ (ပုံစံ (၁၀)) ဖြင့် အမိန့်ချမှတ်ရမည်။

၁၀၁။ တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်သည် ဥပဒေပုဒ်မ ၅၂ အရ ချမှတ်သည့် အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဦးစီးမှူးရုံးက သတ်မှတ်ထားသည့်ရက်အတွင်း ဆောင်ရွက်ပေးရမည်။

၁၀၂။ ဦးစီးမှူးရုံးသည် အောက်ပါပုံစံများ၏မူရင်းကို မှတ်ပုံတင်စာအုပ်တွင် ပြည့်စုံစွာရေးသွင်းပြီး သက်ဆိုင်ရာစာဖိုင်တွဲတွင် သိမ်းဆည်း၍ တိုင်ကြားသူနှင့်တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်ထံသို့ မိတ္တူပေးအပ်ရမည်-

(က) နည်းဥပဒေ ၈၉ အရ သဘောတူညီချက်ပုံစံ (ပုံစံ (၉))၊

(ခ) နည်းဥပဒေ ၁၀၀ အရ ဦးစီးမှူးရုံးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ပုံစံ (ပုံစံ (၁၀))။

၁၀၃။ ကော်မတီသည် ဥပဒေပုဒ်မ ၅၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များချမှတ်ရာတွင် ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ပုံစံ (ပုံစံ (၁၁)) ဖြင့် အမိန့်ချမှတ်ရမည်။

၁၀၄။ ကော်မတီသည် နည်းဥပဒေ ၁၀၃ အရ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ပုံစံ (ပုံစံ (၁၁)) မူရင်းကို မှတ်ပုံတင်စာအုပ်တွင် ပြည့်စုံစွာရေးသွင်းပြီး သက်ဆိုင်ရာစာဖိုင်တွဲတွင် သိမ်းဆည်း၍ တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့ထံ မိတ္တူကိုပေးအပ်ရမည်။

## အခန်း (၁၃)

## အရေးယူဆောင်ရွက်ခြင်း

၁၀၅။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ကော်မတီကချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို သတ်မှတ်ရက်အတွင်း တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်က လိုက်နာဆောင်ရွက်မှု ရှိ မရှိ အခြေအနေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်သည် ကော်မတီကချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရေးအရာရှိကို စောင့်ကြည့်စစ်ဆေးစေခြင်း၊

(ခ) ကော်မတီကချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိပါက နှောင့်နှေးကြန့်ကြာမှုနှင့် စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိကို စုံစမ်းမေးမြန်းစေခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ကော်မတီ၏ဆုံးဖြတ်ချက်တွင် သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်မှုမရှိပါက တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်ကို သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဦးစီးဌာနသို့ တင်ပြခြင်း။

၁၀၆။ ဦးစီးဌာနသည် ဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် စီးပွားရေးလုပ်ငန်းရှင်ကို အရေးယူဆောင်ရွက်ရန် အခြေအနေပေါ်ပေါက်ပါက အမှုဖွင့်တိုင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးမှူးရုံးသို့ တာဝန်ပေးအပ်ရမည်။

၁၀၇။ ဦးစီးမှူးရုံးသည် တရားစွဲဆိုအမှုဖွင့်ရမည့်ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာကော်မတီသို့ တင်ပြခြင်း၊

(ခ) ဆောင်ရွက်ထားရှိသည့် အခြေအနေကို ဦးစီးဌာနသို့ တင်ပြခြင်း။

၁၀၈။ ဦးစီးမှူးရုံးသည် တရားစွဲဆိုသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ တိုးတက်မှုနှင့် ဆောင်ရွက်ပြီးစီးမှုတို့အား သက်ဆိုင်ရာကော်မတီနှင့် ဦးစီးဌာနသို့ အပတ်စဉ်တင်ပြဆောင်ရွက်ရမည်။

၁၀၉။ ဦးစီးမှူးရုံးသည် တရားစွဲဆိုရန် လိုအပ်သော နမူနာကုန်စည်ကို စစ်ဆေးရေးအရာရှိအား ရယူစေ၍ နမူနာကုန်စည်ရယူခြင်းပုံစံ (ပုံစံ (၁၂)) နှင့် ဈေးကွက်တွင် တွေ့ရှိသည့် ကုန်စည်ပမာဏမှတ်တမ်းတင်ပုံစံ (ပုံစံ (၁၃)) တို့တွင် ဖြည့်သွင်းစေရမည်။

၁၁၀။ ဦးစီးမှူးရုံးသည် တရားစွဲဆိုဆောင်ရွက်ရာတွင် တရားရုံးသို့ တင်ပြနိုင်ရန်အလို့ငှာ အမှုတွဲနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် အခြားသက်သေခံအထောက်အထားများကို လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

## အခန်း (၁၄)
## အယူခံဝင်ပုံအဆင့်ဆင့်

၁၁၁။ ဦးစီးမှူးရုံးကချမှတ်ထားသည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ ကော်မတီသို့ အယူခံတင်သွင်းနိုင်သည်-

(က) ဦးစီးမှူးရုံးကချမှတ်ထားသည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် မိတ္တူမှန်၊

(ခ) သတ်မှတ်ထားသည့် အယူခံလွှာပုံစံ (ပုံစံ (၁၄)) တွင် ရေးသားချက် မူရင်း၊

(ဂ) သက်သေခံအထောက်အထားများနှင့် စာရွက်စာတမ်းများ။

၁၁၂။ နည်းဥပဒေ ၁၁၁ အရ တင်သွင်းလာသည့် အယူခံတင်သွင်းမှုနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) လိုအပ်သောအချက်အလက်များ သို့မဟုတ် အထောက်အထားများရှိပါက ဦးစီးမှူးရုံးသို့ တောင်းခံနိုင် သည်။

(ခ) အယူခံတင်သွင်းမှုကို ဖြေရှင်းပေးနိုင်ရေးနှင့် အတည်ပြုအဆုံးအဖြတ်ပေးနိုင်ရေးတို့အတွက် အကြောင်းကြားစာကို အယူခံတင်သွင်းမှုလက်ခံရရှိသည့်နေ့မှစ၍ အစိုးရရုံးဖွင့်ရက် ၁၄ ရက်အတွင်း အယူခံတင်သွင်းသူထံ ပေးပို့ရမည်။



Myanmar Law Information System (MLIS)

(ဂ) ဦးစီးမှူးရုံး၏ ဆုံးဖြတ်ချက်၊ တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့၏ ထွက်ဆိုချက်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာများအပေါ် စိစစ်၍ အတည်ပြုဆုံးဖြတ်နိုင်သည်။

(ဃ) အယူခံတင်သွင်းမှုအပေါ် ဦးစီးမှူးရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရာတွင် ဥပဒေပုဒ်မ ၅၂ အရ ချမှတ်သောအမိန့်ပေါ်တွင်သာ အယူခံမိန့် ချမှတ်ရမည်။

(င) ဆုံးဖြတ်ချက်ကို ဦးစီးမှူးရုံးနှင့် သက်ဆိုင်သူများထံသို့ ရုံးဖွင့်ရက် ငါးရက်အတွင်း အကြောင်းကြားရမည်။

၁၁၃။ ကော်မတီကချမှတ်ထားသည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ ကော်မရှင်သို့ အယူခံလွှာတင်သွင်းနိုင်သည်-

(က) ဦးစီးမှူးရုံးက ချမှတ်ထားသည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်နှင့် ကော်မတီကချမှတ်သည့် အယူခံဆုံးဖြတ်ချက် မိတ္တူမှန် သို့မဟုတ် သက်ဆိုင်ရာကော်မတီက ချမှတ်ထားသည့် ဆုံးဖြတ်ချက်မိတ္တူမှန်၊

(ခ) သတ်မှတ်ထားသည့် အယူခံလွှာပုံစံ (ပုံစံ (၁၄)) တွင် ရေးသားချက် မူရင်း၊

(ဂ) သက်သေခံအထောက်အထားများနှင့် စာရွက်စာတမ်းများ။

၁၁၄။ ကော်မရှင်ဥက္ကဋ္ဌသည် အယူခံမှုအလိုက် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် စိစစ်ဆုံးဖြတ်သည့်အဖွဲ့ကို သင့်လျော်သော ကော်မရှင်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၁၅။ နည်းဥပဒေ ၁၁၃ အရ အယူခံတင်သွင်းမှုနှင့်စပ်လျဉ်း၍ ကော်မရှင်သည် အနီးစပ်ဆုံး ကျင်းပသည့် ကော်မရှင်အစည်းအဝေးတွင် မှတ်တမ်းတင်နိုင်ရေး ဆောင်ရွက်ရမည်။

## အခန်း (၁၅)

## စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၁၁၆။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့တစ်ရပ်ရပ်သည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်နိုင်သည်-

(က) လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပညာပေးဟောပြောဆွေးနွေးခြင်းနှင့် သင်တန်းပို့ချခြင်း၊

(ဂ) အထိမ်းအမှတ်နေ့များနှင့်အခမ်းအနားများကျင်းပခြင်း၊

(ဃ) အသိပညာပေးစာအုပ်နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊

(င) သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး အချက်အလက်များ ဖြန့်ဝေခြင်းနှင့် ဆွေးနွေး၊ ပညာပေး၊ ကူညီဆောင်ရွက်ခြင်း (Advocacy) လုပ်ငန်းပြုလုပ်ခြင်း။

၁၁၇။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့တစ်ရပ်ရပ်သည် စားသုံးသူအခွင့်အရေး ချိုးဖောက်ခံရသည်ဟု တိုင်ကြားမှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏အခွင့်အရေးများ ပြန်လည်ရရှိစေရေး ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

၁၁၈။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့သည်-

Myanmar Law Information System (MLIS)

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

(ခ) အများပြည်သူသိရှိခွင့်ရှိသော သတင်းအချက်အလက်များ၊ စာရင်းဇယားများကို ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံ တင်ပြတောင်းခံရမည်။

(ဂ) ဦးစီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကဖြစ်စေ အတည်ပြုထားခြင်း မရှိသော သတင်းအချက်အလက်များ၊ စာရင်းဇယားများ ဖြန့်ဝေခြင်း၊ ထုတ်ဖော်ပြောကြားခြင်းတို့ကို ရှောင်ကြဉ်ရမည်။

(ဃ) တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ဂုဏ်သိက္ခာအရ ထိခိုက်နစ်နာ စေရန် ရည်ရွယ်သည့်အချက်အလက်များ၊ တိကျမှန်ကန်မှုမရှိသောအချက်အလက်များ ထည့်သွင်းဖြန့်ဝေ ခြင်း၊ ထုတ်ဖော်ပြောကြားခြင်းတို့ကို ရှောင်ကြဉ်ရမည်။

၁၁၉။ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လိုသူသည် စားသုံးသူကာကွယ်ရေး ဆိုင်ရာအသင်းအဖွဲ့ တစ်ရပ်ရပ်ဖွဲ့စည်းဆောင်ရွက်လိုသော နယ်ပယ် သို့မဟုတ် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ဦးစီးဌာနနှင့်ညှိနှိုင်း ဆွေးနွေးနိုင်သည်။

၁၂၀။ ဦးစီးဌာနသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စားသုံးသူကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းပေါ်ပေါက်လာနိုင်ရေးအလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

၁၂၁။ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ခြင်းမရှိစေရ-

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်မဟုတ်သည့် အခြားဆောင်ရွက်မှုများ ဆောင်ရွက် ခြင်း၊

(ခ) စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေပါပြဋ္ဌာန်းချက်များကို လွဲမှားစွာ အသုံးပြုခြင်းနှင့် ဥပဒေ၏ရည်ရွယ်ချက်ကို သွေဖည်၍ ဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေ့ရှု၍ ဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားတစ်ရပ်ရပ်ကိုဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်၏ အကျိုးစီးပွားတစ်ရပ်ရပ်ကိုဖြစ်စေ အထောက်အပံ့ပြုသည့် လုပ်ဆောင်ချက်ကို ဆောင်ရွက် ခြင်း။

၁၂၂။ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များသည် နည်းဥပဒေ ၁၂၁ ပါ တားမြစ်ထားသည့် ကိစ္စရပ်များကိုဆောင်ရွက်ပါက ဝန်ကြီးဌာနသည် မှတ်ပုံတင်ထုတ်ပေးထားသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အရေးယူဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားရမည်။

Myanmar Law Information System (MLIS)

၁၂၃။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့သည် ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် သတင်းပေးတိုင်ကြားမှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့အကြောင်းကြားရမည်။

## အခန်း (၁၆)

## အထွေထွေ

၁၂၄။ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် အသုံးစရိတ်များကို ယင်းကိစ္စဆောင်ရွက်ရာတွင်သာ အသုံးပြုရမည်။ ကော်မရှင်သည် စားသုံးသူကာကွယ်ရေးအမှုကိစ္စအတွက် အသုံးပြုရမည့် နှုန်းထားများ၊ ငွေပေးချေမှုများ၊ စီမံခန့်ခွဲမှုကုန်ကျစရိတ်များနှင့် အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရမည်။

၁၂၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်သည် စားသုံးသူကာကွယ်ရေးနှင့်သက်ဆိုင်သည့် အစည်းအဝေးတက်ရောက်ခြင်း၊ အမှုစစ်ကြားနာခြင်းတို့အတွက် ကုန်ကျသောခရီးစရိတ်နှင့် တည်းခိုနေထိုင် စားသောက်ခြင်းအတွက် ကုန်ကျစရိတ်ကို ဦးစီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၁၂၆။ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူအတွက် ထိုက်သင့်သော ဉာဏ်ပူဇော်ခ၊ ခရီးစရိတ်၊ တည်းခိုနေထိုင်စားသောက်စရိတ်တို့ကို ဦးစီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

(ပုံ)

ဒေါက်တာပွင့်ဆန်း

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (၁)ကုန်စည်/ ဝန်ဆောင်မှုစုံစမ်းစစ်ဆေးခြင်းပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (၂) တိုင်ကြားစာပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (၃)နမူနာရယူမည့်ကုန်စည်ပေါ်တွင်ကပ်ရန် ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (၄)ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုတင်ပြခြင်း ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (၅) စစ်ဆေးရေးအရာရှိဦးဆောင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးမှုတင်ပြခြင်း ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ (၆)ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (၇) ဈေးကွက်အတွင်းရောင်းချဖြန့်ဖြူးခြင်းမှ ယာယီတားမြစ်ခြင်းပုံစံ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ (၈) ဈေးကွက်အတွင်း ရောင်းချဖြန့်ဖြူးခြင်းမှ တားမြစ်ခြင်းပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ (၉) သဘောတူညီချက်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ (၁၀) ဦးစီးမှူးရုံးကချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာအမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ (၁၁) ကော်မတီကချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာအမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ (၁၂) နမူနာ ကုန်စည်ရယူခြင်း ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ (၁၃) ဈေးကွက်တွင် တွေ့ရှိသည့် ကုန်စည်ပမာဏ မှတ်တမ်းတင်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ (၁၄) အယူခံလွှာ

Myanmar Law Information System (MLIS)